**ဖိုကိုလာရေလှုပ်ရှားမှု**

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

ဇွန်လ ၂၀၁၇

## “ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသကဲ့သို့ ငါသည်လည်း သင်တို့ကိုစေလွှတ်၏” (ရှင်ယောဟန် ၂၀း၂၁)

သခင်ယေရှုးလက်ဝါးကပ်တိုင်ထက်တင်ခြင်းခံရပြီး နောက်ပိုင်းရက်များတွင် သူ၏တပည့်တော်ကြီးများသည် ကြောက်ရွံ့ခြင်းနှင့် တွေဝေခြင်းတို့ဖြင့် အခန်းတွင်း၌ပင်ပုန်းအောင်းလျက်ရှိကြ၏။ သခင်ယေရှုးက လူသားတစ်ဦးချင်းစီအပေါ် ဘုရားသခင်ထားရှိသော ချစ်ခြင်းမေတ္တာတော်အကြောင်း ဟောကြားဝေမျှခဲ့သည့် ပါလက်စတိုင်းခရီးစဉ်တစ်လျှောက်တွင် သူတို့သည်လိုက်ပါခဲ့ကြပါသည်။ သခင်ယေရှုးအား ထိုချစ်ခြင်းမေတ္တာတော်အတွက် သက်သေခံရန် ခမည်းတော်ဘုရားကစေလွှတ်တော်မူခဲ့သည်သာမက ခမည်းတော်ဘုရားထံသို့ ရောက်ရှိစေမည့် လမ်းစကိုလည်း လူသားတို့အားပြသခဲ့ပါသည်။ ဘုရားသခင်သည် ပုဂ္ဂိုလ်သုံးပါး တစ်ဆူဘုရားဖြစ်ကြောင်းကို ဖေါ်ပြခဲ့ပြီး ခမည်းတော်သည် သူနှင့်အတူ ချစ်ခြင်းမေတ္တာတော်အားဖြင့် တစ်လုံးတစ်ဝတည်းရှိကြောင်းနှင့် လူသားအားလုံးကို စုရုံးကာထွေးပွေ့လိုပါသည်။ သခင်ယေရှုး၏သာသနာခရီးပြုစဉ်ကာလအတွင်း လူများစွာတို့သည် ကိုယ်တော်ရှင်၏လုပ်ဆောင်မှုများနှင့်တကွ ကြိုဆိုမှု၊ ခွင့်လွှတ်ခြင်းနှင့် မျှော်လင့်ခြင်းဆိုင်ရာ သူ၏နှုတ်တော်ထွက်စကားများတို့ကို ကြားသိကြုံတွေ့ခဲ့ကြသည်။ ထို့နောက် သူ့အား စီရင်စွဲချက်တင်ကာ လက်ဝါးကပ်တိုင်ထက်တင်သတ်ခဲ့ကြပါသည်။ ဤသည်ကား ရှင်ယောဟန်ကျမ်းမှ သခင်ယေရှုးသည် သူ၏သာသနာအမှုတော်ကို ဆက်လက်လုပ်ဆောင်သွားကြဖို့ တပည့်တော်ကြီးတို့အားစေလွှတ်တော်မူရန် ရှင်ပြန်ထမြောက်တော်မူပြီး တတိယမြောက်နေ့တွင် ၄င်းတို့အားထင်ရှားပြတော်မူသည့်အကြောင်းပေတည်း။

### “ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသကဲ့သို့ ငါသည်လည်း သင်တို့ကိုစေလွှတ်၏”

ကိုယ်တော်ရှင်က “ ငါ၏အသက်တာကို သင်တို့နှင့်အတူမျှဝေခံစားလျက် သင်တို့သည် တရားမျှတမှုနှင့် ငြိမ်းချမ်းခြင်းကို တောင့်တဆာမွတ်ကြသည်ကို ငါသည်အဘယ်မျှလောက် အားရကျေနပ်ခြင်းရှိသည်ကို မှတ်မိပါသလား။ မြောက်မြားစွာသောအနှိမ်ခံ၊ အပစ်ပယ်ခံလူတန်းစားတို့၏စိတ်နှလုံးနှင့်ကိုယ်ခန္ဓာ ရောဂါဖိစီးမှုများအား ကုသပျောက်ကင်းစေသည်ကို သင်မြင်ပါသလား။ ဆင်းရဲသောသူ၊ မုဆိုးမများနှင့် တိုင်းတစ်ပါးသားတို့၏ ဂုဏ်သိက္ခာအတွက် ငါသည်အဘယ်မျှလောက်ကာကွယ်ခဲ့သည်ကို သင်တို့မြင်သလား။” ဟု ပြောနေသယောင်ရှိပါသည်။ ယခုချိန်တွင်သင်တို့ဆက်လက်လုပ်ဆောင်ကြရမည်မှာ သမ္မာတရားတော်မြတ်ကို လူတိုင်းထံသို့ မျှဝေကြွေးကြော်ကြရန်၊ ဘုရားသခင်က လူသူတိုင်းအား သူ့ထံသို့လာစေလိုသည်ကို ပြောကြားရန်နှင့် ကျွန်ုပ်တို့အားလုံးသည် ညီအစ်ကိုမောင်နှမများပင်ဖြစ်ကြောင်းတို့ကို ပြောပြန်ရန်ဖြစ်သည်။ လူတစ်ဦးချင်းစီသည် ချစ်ခြင်းမေတ္တာတည်းဟူသော ဘုရားသခင်၏သဏ္ဍာန်တော်နှင့်အညီဖန်ဆင်းခြင်းခံရသည်ဖြစ်၍ ထိုဆုံတွေ့မှုကို တောင့်တာမျှော်လင့်ချက်ရှိပါသည်။ ရည်ရွယ်ချက်ပန်းတိုင်ရောက်ဖို့ စိမ်ခေါ်မှုများသည်လည်းကောင်း၊ လမ်းခရီးတစ်လျှောက်တွင် အခက်အခဲများစွာနှင့် အဟန့်အတားများသည်လည်းကောင်း မည်မျှပင်ရှိစေကာမူ ယဉ်ကျေးမှုတိုင်း၊ လူမှုအဖွဲ့အစည်းတိုင်းအနေဖြင့် တူညီသောလူ့ဘောင်အသိုင်းအဝိုင်းဆက်ဆံရေးမျိုးကို ကြိုးစားတည်ဆောက်ကြရပေမည်။ ကျွန်ုပ်

တို့၏အလေးနက်ဆုံးဦးတည်ရည်မှန်းချက်များရှိလင့်ကစား ကျွန်ုပ်တို့၏ကိုယ်ပိုင်ကန့်သတ်ချက်များ၊ ကျွန်ုပ်တို့၏ သဘောထားကျဉ်းမြောင်းမှုများနှင့် စိုးရိမ်မှုများ၊ အခြားသူများအပေါ် ယုံကြည်မှုမရှိခြင်းနှင့် ဝေဖန်ပုတ်ခတ်တတ်ခြင်း များတို့ကို ဦးစွာရင်ဆိုင်နိုင်ဖို့လမ်းစရှာကြရပါမည်။ ဘုရားသခင်အဖို့မူ ယခင်ကသူပြုခဲ့သည့်အတိုင်းပြုဖို့ ယုံကြည်မှု ကြီးမားစွာဖြင့် ကျွန်ုပ်တို့အား လက်ဆက်ပြီးဖိတ်ခေါ်နေပါသည်။

## “ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသကဲ့သို့ ငါသည်လည်း သင်တို့ကိုစေလွှတ်၏”

ဤသို့ရဲရင့်ပြတ်သားသော ဖိတ်ခေါ်ကမ်းလှမ်းမှုမျိုးကို ကျွန်ုပ်တို့မည်သို့တုန့်ပြန်ကြပါမည်နည်း။ ကျိုးပဲ့ ကြေမွနေသော ကမ္ဘာလောကကြီးအားညီရင်းအစ်ကိုပမာ တစ်စိတ်တစ်ဝမ်းတည်းစိတ်ထားမျိုး ဖန်တီးရေးတာဝန်မှာ အရှုံးနှင့်ရင်ဆိုင်နေရသောစစ်ပွဲကို တိုက်နေရသည်နှင့်မတူပေဘူးလား။ ကိုယ့်အစွမ်းအစနှင့်သာဆိုလျှင် ကျွန်ုပ်တို့ မည်သို့မျှစွမ်းဆောင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့်လည်း သခင်ယေရှုက လူသားတစ်ဦးချင်းစီအားလည်းကောင်း၊ မိမိ၏ရန်သူများကိုပင်မေတ္တာထားနိုင်ဖို့ ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုကို ဆက်လက်တွန်းအားပေးနိုင်သည့် သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့အတွက် အထူးလက်ဆောင်တော်အဖြစ်ပေးခဲ့ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့ ဆေးကြောခြင်းမင်္ဂလာခံယူစဉ်ကတည်းက ပေးထားပြီးဖြစ်သည်။ ချစ်ခြင်းမေတ္တာနှင့်စည်းလုံးခြင်းဝိညာဉ်တော်သည် ယုံကြည်သူဘာသာဝင်အပေါင်းတို့အား ရှင်ပြန်တော်မူသောသခင်ယေရှုနှင့်လည်းကောင်း၊ အချင်းချင်းအကြားတွင်လည်းကောင်း တစ်လုံးတစ်ဝတည်းဖြစ်စေတော်မူပါသည်။ လူမျိုး၊ ယဉ်ကျေးမှု၊ လူတန်းစား စသည်ဖြင့် ကွဲပြားခြားနားနေမှုတိုင်းကို ကျော်လွှားစေသည်။ ကျွန်ုပ်တို့၏တစ်ကိုယ်ကောင်းဆန်မှုက ကျွန်ုပ်တို့နှင့်မတူသူများနှင့်ခွဲခြားဖို့နှင့်ရှောင်ဖယ်စေဖို့ရန် အဟန့်အတားများကို တည်ဆောက်ကြသည်။ သို့ဖြစ်၍ ယခုလိုမိသဟာယပြုမှုမျိုးတွင် ကျွန်ုပ်တို့အတွင်း၌ ခွဲပြားမှုကိုသယ်ဆောင်ခဲ့ကြသည့် မျိုးစေ့များကို ကျော်လွှားသွားစေရန် သန့်ရှင်းသောဝိညာဉ်တော်၏အသံတော်ကို ကြိုးစား၍နားထောင်ကြည့်ကြပါစို့။

ယခုလအတွက် သန့်ရှင်းသောဝိညာဉ်တော်၏စောင်မမှုဖြင့် ကျွန်ုပ်တို့သည်လည်း အခြားသူများနှင့် အပြန်အလှန်ဆက်ဆံရမည့် မည်သည့်အခွင့်အရေးမျိုးပင်ဖြစ်ပါစေ၊ ချစ်ခြင်းမေတ္တာစကားတို့ကိုသတိရလျက် လက်တွေ့ကျင့်ကြံသွားကြဖို့ သတိရနေနိုင်ပါသည်။ ကျွန်ုပ်တို့သည်လည်းလက်ကမ်းကြိုဆိုနိုင်သည်၊ နားထောင်ပေးနိုင်သည်၊ အလေးထားခြင်း၊ အပြန်အလှန်ဆွေးနွေးဖလှယ်ခြင်းနှင့် အားပေးခြင်းတို့ပြုနိုင်သည်၊ အခြားသူများအားလည်းပါဝင်စေနိုင်သည်၊ သူတို့အားကရုစိုက်ပေးခြင်း၊ အသိအမှတ်ပြုခြင်းနှင့် ခွင့်လွှတ်ခြင်းတို့ကိုလည်းပြုနိုင်ပါသည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့သည် သခင်ယေရှု၏အမှုတော်မြတ်ကို ဆက်လက်လုပ်ဆောင်ရန်ဖိတ်ခေါ်ချက်ကို လက်ခံလျက် ကိုယ်တော်ရှင်ပေးသောအသက်တာလမ်းစများဖြစ်လာပါလိမ့်မည်။

သမ္မာကျမ်းစာတော်မြတ်အတိုင်း တစိုက်မတ်မတ်ကျင့်ကြံနေကြသည့် နိုင်ငံတကာမှ လူပေါင်း ၈၀၀ ခန့်မှီတင်းနေထိုင်ကြလျက်ရှိသော အီတလီနိုင်ငံရှိ လိုပီယားနိုခေါ် မြို့ကလေးသို့အလည်ရောက်လာသော ထိုင်းနိုင်ငံမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများအဖွဲ့၏အတွေ့အကြုံတစ်ရပ်ဖြစ်ပါသည်။ သူတို့အဖို့ ပထမဆုံးအကြိမ် သမ္မာကျမ်းစာပါ ချစ်ခြင်းမေတ္တာကို လေးလေးနက်နက်ထိတွေ့ခံစားခဲ့ကြရသည်။ ဘုန်းတော်ကြီးတစ်ပါးက “ဘုန်းဘုန်းရဲ့ညစ်ပေနေတဲ့ဖိနပ်ကို အခန်းတံခါးဝမှာချွတ်ထားခဲ့တယ်၊ နောက်နေ့မနက်ရောက်တော့ ဒီဖိနပ်က သန့်ရှင်းနေတာကို တွေ့လိုက်ရတယ်။ ဘုန်းဘုန်းရဲ့မလျှော်ရသေးတဲ့သင်္ကန်းတွေကို တံခါးအပြင်မှာပုံထားတယ်၊ မနက်ရောက်တော့ အားလုံးလျှော်ထားပြီးတဲ့အပြင် မီးပူတောင်တိုက်ထားပေးတာကိုတွေ့လိုက်ရတယ်။ ဘုန်းဘုန်းက အရှေ့တောင်အာရှကလာတော့ ချမ်းနေတယ်ဆိုတာကို အခြားသူတွေသိတယ်။ ဒါနဲ့သူတို့က အပူပေးစက်ကို မြှင့်ပေးသလိုခြုံစရာစောင်အပိုတွေလည်း ထပ်ပေးပါတယ်။ တစ်နေ့တော့ “ဘာဖြစ်လို့ ဒီလိုလုပ်ပေးတာလဲ”လို့ ဘုန်းဘုန်းက မေးမိတယ်၊ “ဘာကြောင့်လဲဆိုတော့ တပည့်တော်တို့က ဘုန်းဘုန်းကို မေတ္တာရှိလို့၊ တပည့်တော်တို့က ဘုန်းဘုန်းအပေါ်မှာ အလွန်ပဲမေတ္တာရှိလို့ပါ” လို့ သူတို့ဖြေခဲ့ပါတယ်။ ဤအတွေ့အကြုံလေးက ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်တို့အကြား စစ်မှန်သော အပြန်အလှန်ဆွေးနွေးဖလှယ်မှုအတွက် လမ်းစကို ခင်းပေးခဲ့ပါတော့သည်။

*Letizia Magri*